**၂၀၂၃ ခုနှစ်၊ ဇူလိုင်လ၊ ၂၅ ရက်**

**အိတ်ဖွင့်ပေးစာ**

အမေရိကန်ပြည်ထောင်စုက မြန်မာစစ်အုပ်စု၏ ကာကွယ်ရေးဝန်ကြီးဌာနအပေါ် ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်
ဂျပန်အစိုးရအနေဖြင့် Y Complex စီမံကိန်းမှ အပြီးတိုင်နုတ်ထွက်မှုကို ချက်ချင်းလုပ်ဆောင်သင့်

မစ္စတာ ဟာယာရှိ နိုဘူမိစု၊ Japan Bank for International Cooperation ၏ အကြီးအကဲ
မစ္စတာ တာကီဆာဒ၊ Japan Overseas Infrastructure Investment Corporation for Transport and Urban Development ၏ ဥက္ကဋ္ဌနှင့် စီအီးအို

မှတဆင့်

မစ္စတာ ဆူဇူကီ ရှူနီချီ၊ ဘဏ္ဍာရေးဝန်ကြီး
မစ္စတာ ဆအီတို တက်ဆူအို၊ မြေယာ၊ အခြေခံအဆောက်အဦ၊ သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်း ဝန်ကြီး

Justice For Myanmar
Mekong Watch
FoE Japan
Human Rights Now
Human Rights Watch
Japan International Volunteer Center

အမေရိကန်ပြည်ထောင်စုအစိုးရသည် မြန်မာစစ်အုပ်စု၏ ကာကွယ်ရေးဝန်ကြီးဌာနကို “အထူး ပစ်မှတ်နိုင်ငံ” အဖြစ် သတ်မှတ်၍ ဘဏ္ဍာရေးဆိုင်ရာ ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ကြောင်း ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့ တွင် ကြေညာခဲ့သည်။ ကြေညာချက်တွင် ကာကွယ်ရေးဝန်ကြီးဌာနသည် ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုနှင့်အတူ အကြမ်းဖက်မှုဖြင့် တကြော့ပြန်အသက်သွင်းလာသော ဖိနှိပ်သည့် စစ်အုပ်ချုပ်ရေးကို ဆယ်စုနှစ်ပေါင်း များစွာ လုပ်ဆောင်ခဲ့သည့် စစ်တပ်အပေါ် ကွပ်ကဲအုပ်ချုပ်သည့် အဖွဲ့အစည်းဖြစ်ကြောင်း ဖော်ပြထားသည်။ ယခုကဲ့သို့ ဒဏ်ခတ်ပိတ်ဆို့မှုဖြင့် ဂျပန်ပြည်သူ့ရံပုံငွေများကို အသုံးပြု၍ အကောင်အထည်ဖော်သည့် စီမံကိန်း

များမှ တစ်ခုအပါအဝင်ဖြစ်သော စစ်သမိုင်းပြတိုက်နေရာတွင် ဖော်ဆောင်မည့် ပြန်လည်တည်ဆောက်ရေး စီမံကိန်း (Y Complex စီမံကိန်းဟု သိကြသည့်) နှင့် မြန်မာစစ်အုပ်စု၏ လက်ရှိအကြမ်းဖက်မှုများအကြား ဆက်နွှယ်မှုများသည် ပို၍ပင် ထင်ရှားလာပါသည်။

Y Complex သည် မြန်မာနိုင်ငံ၏ အကြီးဆုံးမြို့တော်ဖြစ်သည့် ရန်ကုန်ရှိ ယခင်စစ်သမိုင်းပြတိုက်နေရာတွင် အကြီးစားအိမ်ခြံမြေအဆောက်အအုံ တည်ဆောက်ရေးနှင့် လည်ပတ်ရေးတို့ ပါဝင်သည်။ အဆိုပါစီမံကိန်း သည် မြေယာ၊ အခြေခံအဆောက်အဦ၊ သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်း ဝန်ကြီးဌာနအောက်ရှိ အစိုးရရန်ပုံငွေ အခြေခံအဆောက်အဦဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်း တစ်ခုဖြစ်သည့် Japan Overseas Infrastructure Investment Corporation for Transport and Urban Development (JOIN) မှ တဆင့်လည်းကောင်း၊ ဂျပန်နိုင်ငံ၏ အစိုးရပိုင်ကုန်ဆိုင်ရာ အာမခံ အေဂျင်စီတစ်ခုဖြစ်သည့် Japan Bank for International Cooperation (JIBC) မှတဆင့်လည်းကောင်း ဂျပန်နိုင်ငံ၏အစိုးရနှင့် ပုဂ္ဂလိကရန်ပုံငွေများကို လက်ခံရရှိသည်။ JOIN နှင့် JIBC တို့သည် မြန်မာစစ်တပ်၏ ကာကွယ်ရေးဝန်ကြီးဌာနပါဝင်သည့် Y Complex စီမံကိန်းတွင် ရင်းနှီးမြှုပ်နှံမှု သို့မဟုတ် ငွေချေးငှားမှုကို လုပ်ဆောင်ကြပြီး၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ မြန်မာစစ်တပ်၏ အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်းတွင်ပင် ဆက်လက်ပါဝင်လုပ်ဆောင်ခဲ့ခြင်း ဖြစ်ပါသည်။

Tokyo Tatemono၊ Daiwa House Industry ၏ လုပ်ငန်းခွဲ Fujita Corporation နှင့် JOIN တို့သည် စင်ကာပူနိုင်ငံတွင် Joint Special Purpose Company (J-SPC) တစ်ခုကို တည်ထောင်ခဲ့ သည်။ Sumitomo Mitsui Banking Corporation နှင့် Mizuho Bank တို့နှင့်အတူ JBIC သည် အဆိုပါ J-SPC သို့ ချေးငွေတစ်ရပ်ကို ပူးတွဲထောက်ပံ့ခဲ့ပြီး၊ J-SPC သည် ၎င်းတို့နှင့် မြန်မာစစ်တပ် ခရိုနီပိုင်ကုမ္ပဏီတို့အကြား ပူးတွဲတည်ထောင်ထားသည့် မြန်မာကော်ပိုရေးရှင်း Y Complex Company Ltd. တွင် ပြန်လည်၍ ပူးတွဲ ရင်းနှီးမြှုပ်နှံလျက်ရှိသည်။

အဆိုပါမြေငှားရမ်းမှုစာချုပ်ကို YTT နှင့် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၊ စစ်ထောက်ချုပ်ရုံးမှ ဒုတိယ စစ်ထောက်ချုပ် ဗိုလ်မှူးကြီးအောင်မင်းသိန်း (ကိုယ်ပိုင်အမှတ် ကြည်း-၁၇၆၄၂) တို့အကြား ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။ မြေငှားရမ်းခပေးချေမှုများကို “ကာကွယ်ရေးအကောင့်အမှတ် MD 010424 သို့ ပေးချေရမည် ဖြစ်ပြီး၊ ယင်းအကောင့်သည် စစ်ထောက်ချုပ်ရုံး၏ ထိန်းချုပ်မှုအောက်တွင် ရှိဖွယ်ရှိသည်။ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု၊ ယူကေနှင့် ကနေဒါနိုင်ငံတို့က စစ်ထောက်ချုပ်ရုံး အပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ခဲ့သည်။ ယူကေနိုင်ငံက “စစ်ထောက်ချုပ်ရုံးသည် လက်နက်ခဲယမ်းများ၊ ဗုံးများနှင့် လေယာဉ်ဆီများအပါအဝင် မြန်မာစစ်အုပ်စုအတွက် စစ်လက်နက်ပစ္စည်းများ ဝယ်ယူရေးတွင် အဓိကအခန်းကဏ္ဍမှပါဝင်ကြောင်း” ထောက်ပြခဲ့သည်။ ပို၍အနီးဆုံးကာလအနေဖြင့် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့တွင် အီးယူက စစ်ထောက်ချုပ်ဖြစ်သူ ကျော်စွာလင်းအပေါ် ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်ခဲ့ပြီး၊ ၎င်းသည် “မြန်မာ/ဗမာနိုင်ငံအတွင်း ဒီမိုကရေစီနှင့် တရားဥပဒေစိုးမိုးရေးအပေါ် ထိခိုက်စေသည့် မူဝါဒများနှင့် လုပ်ဆောင်မှုများကို လုပ်ဆောင်သူဖြစ်ကြောင်း၊ မြန်မာ/ဗမာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့်

တည်ငြိမ်ရေးတို့ကို ခြိမ်းခြောက်နေသည့် လုပ်ရပ်များကို ပံ့ပိုးကူညီသူဖြစ်ကြောင်း” မှတ်ချက်ပြု ဖော်ပြထားသည်။

Y Complex စီမံကိန်းအတွက် မြေငှားရမ်းခပေးချေမှုများသည် စစ်ထောက်ချုပ်ရုံးမှတဆင့် မြန်မာစစ်တပ်ထံ ဘဏ္ဍာငွေများ ပေးအပ်ခြင်းဖြစ်သည်ဟု ကျွန်ုပ်တို့ နားလည်ထားပြီး၊ အာဏာသိမ်းကြိုးပမ်းမှုမတိုင်ခင်ကတည်းက ယင်းပြဿနာကို ထောက်ပြပြောဆိုခဲ့ပါသည်။

JOIN နှင့် JBIC တို့က စစ်ထောက်ချုပ်ရုံးသည် ကာကွယ်ရေးဝန်ကြီးဌာနအတွင်း ရှိသည်ဖြစ်ရာ၊ မြန်မာအစိုးရ၏ အစိတ်အပိုင်းတစ်ခုသာဖြစ်ကြောင်း၊ မြေငှားရမ်းခပေးချေမှုများသည်လည်း မြန်မာစစ်တပ်အတွက် အကျိုးအမြတ်မဖြစ်နိုင်ကြောင်း ရှင်းပြထားပါသည်။ (အောက်တွင်ကြည့်ရှုပါ)

၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့၊ အောက်လွှတ်တော်၏ ဘဏ္ဍာရေးရာကော်မတီအစည်းအဝေးတွင် JOIN ၏ ဥက္ကဋ္ဌ နှင့် စီအီးအိုဖြစ်သူ Tatsuhiko Takesada ၏ ဖြေရှင်းချက် “စီမံကိန်းမြေနေရာအတွက် စာချုပ်ချုပ်ဆိုခြင်းနှင့် ပတ်သက်၍ J-SPC သည် တိုက်ရိုက်ပါဝင်ပတ်သက်ခြင်း မရှိပါ၊ သို့ရာတွင် စာချုပ်အရ ပြည်တွင်းမြန်မာကုမ္ပဏီက မြေငှားရမ်းမှုစာချုပ်တွင် မြေယာအသုံးချခွင့်ရရှိထားသော အစိုးရအစိတ်အပိုင်းဖြစ်သည့် ကာကွယ်ရေးဝန်ကြီးဌာနနှင့် လက်မှတ်ရေးထိုးခဲ့ပြီး၊ အဆိုပါ ပြည်တွင်းမြန်မာကုမ္ပဏီက မြေနေရာကို စီမံကိန်းလုပ်ဆောင်သည့် ပြည်တွင်းကုမ္ပဏီထံ တဆင့်ငှားရမ်းခြင်း ဖြစ်ပါတယ်။ ကျွန်ုပ်တို့အနေဖြင့် လက်ရှိအခြေအနေတွေကို သုံးသပ်နားလည်ထားပြီး ဖြစ်ပါတယ်။ သို့ရာတွင် မြေငှားရမ်းခပေးချေမှုများနှင့် စပ်လျဥ်း၍ ၎င်းတို့အနေဖြင့် အစိုးရအတွင်း သင့်လျော်စွာ စီမံခန့်ခွဲထားရှိကြောင်း နားလည်ထားပါတယ်”

၂၀၂၁ ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင် ကျင်းပသည့် “ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် အန်ဂျီအို ပုံမှန်တွေ့ဆုံဆွေးနွေးပွဲ” တွင် Y Complex စီမံကိန်း၏ တာဝန်ခံ JBIC တာဝန်ရှိသူ၏ ပြောကြားချက် “ယခုစီမံကိန်းတွင် မြေငှားရမ်းခကို ကာကွယ်ရေးဝန်ကြီးဌာန၏ စစ်ထောက်ချုပ်ရုံးထံ ပေးဆောင်ရတာကို JBIC က သိရှိထားပါတယ်။ မြေငှားရမ်းခပေးချေငွေတွေက မြန်မာအစိုးရ၏ အထွေထွေ ဘတ်ဂျက်တွင် ဝင်ငွေအဖြစ် ထည့်သွင်းထားကြောင်း နားလည်ထားပါတယ်။ မြန်မာနိုင်ငံမှာ ရသုံးမှန်းခြေငွေစာရင်းဥပဒေအရ အဆိုပါ အထွေထွေ ငွေစာရင်းဘတ်ဂျက်တွေကို အများပြည်သူသို့ ထုတ်ပြန်ပါတယ်။ ကာကွယ်ရေးဝန်ကြီးဌာနသည်လည်း အဲ့ဒီလုပ်ငန်းစဉ်ရဲ့ အစိတ်အပိုင်းအဖြစ် ပါဝင်ပါတယ်”

အဆိုပါပြောဆိုချက်များတွင် JOIN နှင့် JBIC နှစ်ခုလုံးသည် မြေငှားရမ်းခပေးချေငွေများ မြန်မာစစ်တပ်ထံ မရောက်ရှိသင့်ကြောင်းကို သိရှိလက်ခံထားကြောင်း၊ မြေငှားရမ်းခများသည် နောက်ဆုံးတွင် ကာကွယ်ရေးဝန်ကြီးဌာနထံသာ ရောက်ရှိခြင်းဖြစ်ကြောင်း၊ မြန်မာစစ်တပ်ထံ ရောက်ရှိခြင်းမဟုတ်ကြောင်း ၎င်းတို့၏ အမြင်များကို လူသိရှင်ကြားပြောကြားခြင်းဖြင့် ငှားရမ်းခပေးချေငွေများ စစ်တပ်ထံ ရောက်ရှိခြင်းမရှိဆိုသည့် ပုံစံကို ရောက်ရှိရန် ကြိုးပမ်းနေကြကြောင်းကို ပြသနေပါသည်။ ကာကွယ်ရေးဝန်ကြီးဌာနအပေါ် အမေရိကန်

ပြည်ထောင်စု၏ မကြာသေးမီက ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်လိုက်ခြင်းသည် အဆိုပါအကြောင်းပြချက် ဆင်ခြေများကို ပို၍ပင် ယုတ္တိမဲ့စေခဲ့သည်။

Y Complex စီမံကိန်းအတွက် မြေငှားခပေးချေမှု၏ လမ်းဆုံးရောက်ရှိရာသည် စစ်ထောက်ချုပ်ရုံး ဖြစ်စေ၊ သို့မဟုတ် ကာကွယ်ရေးဝန်ကြီးဌာနဖြစ်စေ အဆိုပါငွေပေးချေမှုများသည် မြန်မာစစ်တပ်ကို နိုင်ငံတဝန်း ရက်စက်ကြမ်းကြုတ်သည့် ရာဇဝတ်မှုများကို ကျူးလွန်နိုင်ရန် အားပေးကူညီခဲ့သည်။ ကုလသမဂ္ဂ အချက်အလက်များအရ မြန်မာနိုင်ငံတွင် ပြည်တွင်းထွက်ပြေးတိမ်းရှောင်ရသူ (IDPs) ၁.၉ သန်းရှိကြောင်း သိရသည်။ ဂျပန်အစိုးရနှင့် ဂျပန်ကုမ္ပဏီများအနေဖြင့် Y Complex စီမံကိန်းရှိ ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကို ချက်ချင်းရပ်ဆိုင်းခြင်းဖြင့် စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂလမ်းညွှန်အခြေခံမူများ၊ နိုင်ငံစုံစီးပွားရေးလုပ်ငန်းကြီးများအတွက် OECD လမ်းညွှန်ချက်များအရ ၎င်းတို့၏ တာဝန်ဝတ္တရားများကို ဖြည့်ဆည်းသင့်ပါသည်။ အဆိုပါစီမံကိန်းတွင် အများပြည်သူရန်ပုံငွေများ ထည့်ဝင်ခြင်းကို ရပ်တန့်ရန် မြေယာ၊ အခြေခံအဆောက်အဦ၊ သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် JOIN က လုပ်ဆောင်ထားသည့် ရင်းနှီးမြှုပ်နှံမှုများကို ပြန်လည်ရုပ်သိမ်းသင့်ပြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် JBIC က ပေးအပ်ထားသည့် ချေးငွေများကို ဖျက်သိမ်းသင့်ပါသည်။ ထိုသို့လုပ်ဆောင်ရန် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များကိုလည်း အများပြည်သူသို့ ထုတ်ပြန်ကြေညာသင့်ပါသည်။

ပိုမိုသိရှိရန် ဆက်သွယ်ပါ။

For Justice For Myanmar, Yadanar Maung (English/Burmese): media@justiceformyanmar.org

For Mekong Watch, in Tokyo, Yuka Kiguchi (Japanese/English): info@mekongwatch.org